# ကိုဗစ်ပိုးတွေ့ရှိခဲ့ပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ

ကိုဗစ်အိုမီခရွန်လူနာများ တွေ့ရှိလာမှု များပြားလာသည်နှင့်အမျှ ကိုဗစ်ပိုးတွေ့ရှိခဲ့ပါက မည်သို့လုပ်ဆောင်ရမည်ကို အောက်ဖော်ပြပါ အချက်အလက်များဖြင့် လူထုအား လမ်းညွှန်ထားပါသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ စတင်၍ ကိုဗစ်ပိုးတွေ့ရှိသူများကို အစိုးရ၏ တရားဝင် ဖုန်းနံပါတ်တစ်ခုဖြစ်သော **2328** နံပါတ်မှ ကုဒ်နံပါတ်တစ်ခုနှင့် ဖြည့်ရမည့်ဖောင် link တစ်ခုကို ဖုန်းမက်ဆေ့ပို့ပါမည်။

- ၎င်းဖောင်တွင် ဖြည့်စွက်သော အချက်အလက်မှန်သမျှကို လျှို့ဝှက်လုံခြုံစွာ သိမ်းဆည်းထားမည်ဖြစ်သည်။
- **2328** မှ ဖုန်းမက်ဆေ့ရရှိပါက ၎င်းမက်ဆေ့သည် ယုံကြည်စိတ်ချရသော မက်ဆေ့ဖြစ်ပြီး မက်ဆေ့တွင်ဖော်ပြထားသော link များကို စိတ်ချစွာ နှိပ်နိုင်ပါသည်။
- သင့်အား ဖြည့်ခိုင်းသောဖောင်တွင်
    - သင်ခံစားနေရသော ရောဂါလက္ခဏာများ (မှတ်မိသလောက်)
    - သင်နှင့် အတူနေ မိသားစုဝင်များအကြောင်း အသေးစိတ်
    - သင်၏ COVID Tracer app မှ scan လုပ်ထားသော ခရီးသွားမှတ်တမ်းနှင့် Bluetooth မှ တဆင့်ကောက်ယူထားသော အချက်အလက်များကို မျှဝေပုံ မျှဝေနည်းလမ်းညွှန်
    - ကူးစက်နှုန်းမြင့်သော နေရာနှင့် လူပုဂ္ဂိုလ်မှန်သမျှ၏ အသေးစိတ်အချက်အလက်များ
    - သင်လိုအပ်နိုင်သော အကူအညီမှန်သမျှကို သိရှိနိုင်ရန် ထပ်တိုးမေးခွန်းများ
    - အခြား လူမှုအကူအညီလိုအပ်ချက်များ
- ဖော်ပြထားသော ဖောင်ကို ဖြည့်ရန် မိနစ် ၃၀ ခန့် ကြာမြင့်ပါမည်။ သင်၏ အဖိုးတန်သောအချိန်အတွက် ကြီးမားသော တောင်းဆိုမှုဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်ပါသည်။ ကျွန်ုပ်တို့ဘက်မှလည်း အချိန်တိုတိုအတွင်း ၎င်းဖောင်ကို ဖြည့်ပြီးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်လျက်ရှိနေပါသည်။
- မသန်စွမ်းသူများနှင့် အင်္ဂလိပ်စာကို မိခင်ဘာသာစကားအနေဖြင့် မတတ်မြောက်ထားသူများအတွက် ၎င်းဖောင်အား အဆင်ပြေချောမွေ့စွာဖြည့်စွက်နိုင်ရန် နည်းလမ်းများကိုလည်း ကျွန်ုပ်တို့ရှာဖွေလျက်ရှိပါသည်။
- ဖောင်ဖြည့်ရန် အင်တာနက်ခ တစ်စုံတစ်ရာမကုန်ကျနိုင်ပါ။ ဖုန်းမှတဆင့် ဖောင်ဖြည့်ပါက ပိုမို လျင်မြန်လွယ်ကူနိုင်ပါသည်။
- သို့ပါ၍ ၎င်းဖောင်အား ဖုန်းမက်ဆေ့တွင် လက်ခံရရှိပါက အချိန်ယူဖြည့်စွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။ ထိုသို့ဖြည့်စွက်ခြင်းအားဖြင့် သင်သည် အခြားကိုဗစ်ကူးစက်နိုင်သူများအား

ရှာဖွေရန်လုပ်ငန်းစဉ်ကို ပိုမိုလျင်မြန်စေမည့်အပြင် သင်၏ မိသားစုနှင့် သင့်ပတ်ဝန်းကျင်ကိုလည်း ကိုဗစ်ရောဂါမှ ကာကွယ်ရန် ကူညီပြီးသားဖြစ်ပါမည်။

- ၎င်းဖောင်သည် သင်ဖုန်းမက်ဆေ့လက်ခံရရှိပြီး (၃) ရက်အထိ သက်တမ်းရှိမည်ဖြစ်ပါသည်။

ဖောင်ရရှိပြီး ၂၄ နာရီအတွင်း မဖြည့်စွက်ပါက ကိုဗစ်ကိုခြေရာခံသူများထံမှ နောက်ဆက်တွဲ ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိမည်ဖြစ်ပါသည်။

# သင်လက်ခံရရှိမည့် ဖုန်းမက်ဆေ့နှင့် ဖြည့်ရမည့်ဖောင် ဥပမာများ




This translated information is provided by The Asian Network Inc. (TANI) working as a partner of Ministry of Health.